## လူ့ဘောင်သစ်လူငယ် နှင့် ဒို့အရေးအဖွဲ့

**Press Release**

**For Immediate Release**

**ဆက်သွယ်ရန်**: Ei Thinzar Maung
(Youth for New Society; Yangon)
(0095) 961638384

Htuu Lou Rae
(Doa-A-Yae; Yangon, Central Europe)
(0095) 9967536187
htuulouraeden@protonmail.com

Khin Mai Aung
(Doa-A-Yae; New York)
(718) 925-3983
khinmai@hotmail.com

Chu Mai Paing
(Doa-A-Yae; Boulder, Colorado)
chumaypaing37@gmail.com

### *လူ့ဘောင်သစ်လူငယ် နှင့် ဒို့အရေး - မြန်မာပြည်သူတို့ရဲ့ အခြေခံရပိုင်ခွင့်များအတွက် ညွန့်ပေါင်းအဖွဲ့ တို့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အစိုးရအား ဂမ်ဘီရာမှ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုထားမှု နှင့် ဂမ်ဘီယာမှ တောင်းဆိုသည့် ကြားဖြတ်စီမံဆောင် ရွက်ချက် များအား ကြိုဆိုပါသည်။*

မြန်မာနိုင်ငံ၏ လူနည်းစုဝင် လူမျိုးစုတခုဖြစ်သော ရိုဟင်ဂျာများသည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ကိုယ်လက်အင်္ဂါများဖြတ်တောက်ခြင်း၊ အစုလိုက်အပြုံလိုက် လိင်အကြမ်းဖက်ခြင်း၊ အိုးအိမ်နှင့် ရွာများမီးရှို့ခြင်း၊ အိမ်ထောင်သားမွေးပြုခွင့်နှင့် လွတ်လပ်စွာသွားလာခွင့်များအား စနစ်တကျ ချိုးဖောက်ခြင်း တို့ကို သားစဉ်မြေးဆက်အလိုက် ခံစားခဲ့ကြရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် ရိုဟင်ဂျာများအပေါ်တွင် ထိတွေ့ဆက်ဆံရာတွင် ဂျီနိုဆိုက် ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည်ဟု ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့မှ ၎င်း၏ ၂၀၁၈ ခုနှစ်တွင်တင်ပြသော အစီအရင်ခံစာတွင် ဂျီနိုဆိုက်ပြုလုပ်ရန် ရည်ရွယ်ချက်ရှိကြောင်း အညွှန်းပြသင်္ကေတ ၇ ခု အပေါ်တွင် အခြေ၍ ဆင်ချင်သုံးသပ် ကောက်ချက်ချခဲ့သည်။

ဂျီနိုဆိုက်ကွန်ဗင်းရှင်း ကိုလက်မှတ်ရေးထိုးထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဂျီနိုဆိုက်ပြုလုပ်မှု ကျူးလွန်ပါက ဥပဒေအရတာဝန်ယူမှု တာဝန်ခံမှုရှိရပါသည်။ ဂျီနိုဆိုက်ကွန်ဗင်းရှင်း ကို လက်မှတ်ရေးထိုးထားသော နိုင်ငံတနိုင်ငံ အနေဖြင့် လိုအပ်သော ဥပဒေပြုမှုများ ပြုလုပ်ရန်လည်းကောင်း၊ ဂျီနိုဆိုက်ပြုလုပ်မှုအား ထိရောက်စွာ တားဆီး အရေးယူရန်လည်းကောင်း တာဝန်ဝတ္တရားရှိပါသည်။ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့ ၏ အစီအရင်ခံစာတွင် မြန်မာနိုင်ငံသည် ဂျီနိုဆိုက်ပြုလုပ်ခြင်းမှ ရှောင်ကျဉ်ရန် ခံယူထားသောကတိသစ္စာ အပါအဝင် အဆိုပါ တာဝန်ဝတ္တရားများကိုလိုက်နာခြင်းမှ ပျက်ကွက်ကြောင်း တင်ပြချက် ပါရှိပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၁ ပါအချက်အရ လူသားတိုင်းသည် မွေးရာပါ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို ခံစားပိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်တို့မှ ယုံကြည်သည်။ အစိုးရနှင့်အာဏာရအဖွဲ့အစည်းများမှ လူသားဖြစ်တည်မှုအား တားမြစ်ပိတ်ပင်သော မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှု နှင့် ခွဲခြားဆက်ဆံခြင်းမျိုးကိုမဆို ကျွန်ုပ်တို့မှ ကန့်ကွက်ရှုံ့ချပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအား ကိုလိုနီအုပ်ချုပ်မှုအောက်မှ လွတ်မြောက်စေခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းမှုကို တွန်းအားပေးခဲ့သော တရားမျှတခြင်း၊ လွတ်လပ်ခြင်း နှင့် ခွင့်တူညီမျှခြင်း ဟူသော လောကပါလတရားများကို ယုံကြည်ပါသည်။ မြန်မာနိုင်ငံအား ခေတ်သစ်အမျိုးသားနိုင်ငံအဖြစ် ဤလောကပါလတရားများကို အခြေပြုကာ တည်ထောင်ခဲ့ပြီး၊ populism နှင့် အာဏာရှင်စနစ်တို့၏ လက်အတွင်းမှ လွတ်မြောက်စေမည်မှာလည်း ဤလောကပါလတရားများပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဒို့အရေးအဖွဲ့ နှင့် လူ့ဘောင်သစ်လူငယ်တို့မှ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ခွင့်တူညီမျှခြင်းတို့နှင့် တထပ်တည်းကျသော  ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အစိုးရအား ဂမ်ဘီရာမှ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုထားမှု နှင့် ဂမ်ဘီယာမှ တောင်းဆိုသည့် ကြားဖြတ်စီမံဆောင် ရွက်ချက် များအား ကြိုဆိုပါသည်။